တောင်ယာပြင်ကျေးရွာအုပ်စု

ရွှေတောင်ကျေးရွာ၊ဂန့်ဂေါမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၀-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွှေတောင်ကျေးရွာ၊ဂန့်ဂေါမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ မတ်လ

# မာတိကာ

မာတိကာ

ကျေးဇူးတင်လွှာ

စကားချီး
ရွှေတောင်ကျေးရွာသယံဇာတပြမြေပုံ၊ဂန့်ဂေါမြို့နယ်

ရွှေတောင်ကျေးရွာ ရာသီခွင်ပြဇယား

ရွှေတောင်ကျေးရွာတွင်းနှင့် ပြင်ပအဖွဲ့အစည်းများရှိမှု

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း –ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီ အနေအထားနှင့် လွှမ်းခြုံသက်ရောက်မှု

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) ကျန်းမာရေးနှင့် အဟာရ

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(ဃ) ကျား–မ ရေးရာဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသောအခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

(ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်းနောက်ဆက်တွဲ

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား/မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်

ဇယား ၁၀ ထိခိုက်သက်ရောက်နိုင်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်အဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် ရေသွင်းဧရိယာ

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာ ပိုင်ဆိုင်မှု

(၅) သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

(၆) သီးနှံထုတ်လုပ်မှု ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် ပြဿနာနှင့်
အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင် သွားလာမှုဖြစ်ပေါ်လာပုံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယါယူပိုဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု အထောက်အပံ့အကူအညီများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

ကိုးကားစာရင်း

**ကျေးဇူးတင်လွှာ**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ(၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ရှေးဦးစွာစီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက်ပေးကြပါသောကျေးရွာသူ-ကျေးရွာ သားများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

**စကားချီး**

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက်အခဲများတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့အပြင်လိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာ သေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်သည့်အခက်ခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီစအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကို ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုပေါင်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှု များဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင် ပါသည်။

မတ်လ၊၂၀၂၀

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**ရွှေတောင်ကျေးရွာ၊ ဂန့်ဂေါမြို့**

# ရွှေတောင်ကျေးရွာသယံဇာတပြမြေပုံ



# ရွှေတောင်ကျေးရွာ ရာသီခွင်ပြဇယား



## ရွှေတောင်ကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းများရှိမှု(VENNDIAGRAN)



## အပိုင်း(က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည် အစီအစဉ်အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှု စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်အဆင့် ၊ တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ((CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာ နိုင်ပါသည်။

**(ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင်း ကျေးရွာလူထုဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်း ရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက်လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်ပါ၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် **ဂန့်ဂေါမြို့နှင့် (၂၀) မိုင်ခန့်ကွာဝေးပြီး မြစ်သာမြစ်ကမ်းဘေးတွင် တည်ရှိ၍ အုပ်ချုပ်ရေးရုံးစိုက်ရာ ဂန့်ဂေါမြို့နှင့် ဆက်သွယ်သွားလာရ ခက်ခဲ**ပါသည်။ ကျေးရွာသည်

မြေပြန့်လွင်ပြင်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မြစ်ချောင်း များရှိသော်လည်း မြေပြင်အနေအထားမှာ လယ်ယာမြေများတွင် စပါးစိုက်ပျိုးရန် မိုးရေကိုသာ အဓိကအားထားကြရသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေများရှိပြီး မြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှာ မိုးရေဖြင့်လယ်ယာမြေဧက(၁၀၃)ဧကကျော်ကို မိုးသီးနှံအဖြစ်စိုက်ပျိုး ကြသည်။ ရာသီပေါ်သီးနှံစိုက်ပျိုးမှုများလည်းရှိသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

ရွှေတောင်ကျေးရွာ၏ အိမ်ထောင်စုပေါင်း(၁၀၃)စုနှင့် ကျား(၂၄၆)ဦး၊ မ(၂၃၂)ဦးဖြင့် လူဦးရေပေါင်း (၄၇၈)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ(၅)ဦးနှုန်းထက် လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုး နှင့်ချင်းလူမျိုးများ နေထိုင်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ လူဦးရေပေါင်း၏ ၆၈%ခန့် ရှိသဖြင့် အလုပ်လုပ်နိုင်သော လူဦးရေများပြားပါသည်။ သက်ကြီးရွယ်အိုများ ရှိသောကြောင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေး အဖွဲ့များ ဖွဲ့စည်းရန်လိုအပ်ပါသည်။

**(ခ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာကြပါသည်။ ကျန်းမာရေးဆေးပေးခန်း မရှိခြင်းကြောင့် လက်ပန်ကျေးရွာ ဆေးပေးခန်းနှင့်တောင်ယာပြင်ကျေးရွာကျေးလက်ကျန်းမာရေး ဌာနသို့သွားရောက်ပြသကြရပါသည်။ ဆီးချိုသွေးတိုးရောဂါ ဖြစ်သူများအနည်းငယ် ရှိသည်ကို လေ့လာတွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေ သန့်ရှင်းမှု အသိအမြင်များ ရှိကြပါသည်။ ကျေးရွာတွင်သောက်သုံးရေအတွက် တွင်းရေကိုသာ အသုံးပြုကြပါသည်။ တခါတရံဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်သွားသည်နှင့် အခြားဆိုးသော ရောဂါ ဖြစ်ပွားမှု နည်းကြောင်း လေ့လာတွေ့ရှိရသည်။

**(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာရှိပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ကျေးရွာသူ/ သားအများစုလိုလို အရေးအဖတ်ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး ကျောင်းဆောင်လုံလောက်မှုမရှိပါ။ ကျောင်းဆရာ/မ လုံလောက်မှုရှိပါသော်လည်း ဆရာ/ဆရာမ ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရန် လိုအပ်ပါသည်။ ပညာအရည်အချင်း တတ်မြောက်မှု အသင့်အတင့်ရှိပြီး အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း မရှိပါ။ ကျေးလက်ဒေသစီးပွါးရေး အဆင်မပြေ မှုများကြောင့် တက္ကသိုလ်ပညာပြီးဆုံးသူ နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျား-မရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျား-မ ကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း များမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင် ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသား/သမီး တန်းတူမရရှိကြပ။ ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ရပ်မိရပ်ဖ၊ အမျိုးသမီး/အမျိုးသားအဖွဲ့၊ဓမ္မစကူလ်း၊ ပရဟိတအသင်းတို့ရှိသည်။ အဖွဲ့အစည်းများအားလုံး စွမ်းဆောင်နိုင်မှု ကောင်းမွန်ပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်း များမှာ ကျေးရွာ၏ သာရေး၊နာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်ကြပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ**

ကျေးရွာတွင် မိုးစပါး၊ပဲနှင့်နှမ်းကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၀၃)ဧက စိုက်ပျိုးကြသည်။ မိုးစပါးပျှမ်းမျှအထွက်နှုန်းမှာ တင်း(၇၀) ခန့်ထွက်ရှိပါသည်။ တောင်သူအများစု သည် လယ်ယာလုပ်ငန်းအတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံ လုံလောက်သော လုပ်အားခမပေးနိုင်ခြင်းပြဿနာကို ရင်ဆိုင်ရသည်။ ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် နည်းစနစ်များလိုအပ် ပါသည်။

ကျေးရွာတွင်ဒေသထွက်မျိုးရင်းများဖြစ်သော ကြက်၊ ဝက်တို့ကိုသာ မွေးမြူကြသည်။ ရာသီအလိုက် ဖြစ်တက်သော ရောဂါများကြောင့် သေဆုံးပျက်စီးမှုများ ရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရရှိနိုင်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထား တွင်ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီး ကျန်အချိန် များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျေးရွာ၏ စိုက်ပျိုးမြေများသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော်လည်း ပိုးသတ်ဆေးနှင့် ဓာတုဓာတ်မြေဩဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ကော်များ စနစ်တကျ စွန့်ပစ်မှုမရှိသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပညာပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာ၏ လယ်ယာမြေများ စိုက်ပျိုးထုတ်လုပ်မှုအတွက် မိုးခေါင်ခြင်းကိုကြုံတွေ့ရသည်မှာ သဘာဝဘေးတစ်ခုအဖြစ်တည်ရှိနေဆဲဖြစ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း ပြားရှစ်ဆယ်ဖြင့် တစ်ဧက(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ပုံစံ(၇)ဖြင့်ချေးယူနိုင်ကြသည်။ တစ်ချို့သောအိမ်ထောင်စုများသည် ရွာထဲမှမိတ်ဆွေ၊ မိသားစုထံမှချေးယူကြပါသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားရှိပါသည်။

**(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

သောက်သုံးရေအတွက် တွင်းရေကိုသာ အသုံးပြုကြရပြီး လုံလောက်မှုအသင့်အတင့်ရှိပါသည်။ အိမ်ထောင်စုများသည် ယင်လုံအိမ်သာများကိုဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံး ယင်လုံ အိမ်သာသုံးစွဲကြပါသည်။ ထို့ကြောင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်းပါး ပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သောအိမ်သာများကို စနစ်တကျဆောက်လုပ် ထားပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် ကျေးရွာတွင်အပန်းဖြေအနားယူ နိုင်သည့်ဘောလုံးကွင်းရှိသော်လည်း အခြားအားကစားဆိုင်ရာ အားကစားကွင်းမရှိပါ။ အားကစားကွင်းနေရာသီးသန့်သတ်မှတ်နိုင်ရန်အတွက် ဘောလုံးကွင်းအားခြံစည်းရိုကာရံနိုင်ရန် လိုအပ်ပါသည်။ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်းစိတ်ပါဝင်စားစွာ ဆင်နွှဲကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြ ပါသည်။

**(ဇ) အခြေခံအဆောက်အဦး –လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

လက်ပန်ကျေးရွာ၏ ရွာတွင်းရှိလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ ခရီးသွားလာရာတွင် ကုန်းလမ်းကိုသာအသုံးများ၍ ကား၊ ဆိုင်ကယ်ဖြင့်သွားလာကြပါသည်။ ရွှေတောင်ကျေးရွာတွင် လျှပ်စစ်မီးကိုအသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်း ဆက်သွယ်ရေးကိုလက်လှမ်းမီစွာ အသုံးပြုနိုင်ကြပါသည်။ အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်ရှိပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက်များစွာအသုံးဝင် ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝင်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိသေးပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာတွင် လူငယ်များရှိပြီး လူဦးရေအားလုံး၏ (၆၁)ရာခိုင်နှုန်းခန့်သည် အလုပ် လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်မှုနှင့် အသက်မွေး ဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာနိုင်စေ ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး အရေးပေါ်ကျန်းမာရေးဖြစ်ပေါ်လာပါကလက်ပန်ကျေးရွာဆေးခန်းနှင့်တောင်ယာပြင်ကျေးရွာကျန်းမာ ရေးဌာနသို့ သွားရောက်ပြသကြရသဖြင့် ဆေးကုသမှုအတွက် ခက်ခဲပါသည်။

သဘာဝအရင်းအမြစ်များအနေဖြင့် လယ်ယာများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန် ပါသည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်း ပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး သတင်းအရင်းအမြစ်အချက်အလက်များကို လွယ်ကူစွာသိရှိနိုင် ပါသည်။ အင်တာနက်လိုင်းကို ကောင်းမွန် စွာအသုံးပြုနိုင် ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

ကျေးရွာလူထု အားလုံးပူးပေါင်းပါဝင်ပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားတိုးတက် ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရေး နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာ လူထုသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦး များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးများကိုချမှတ်ပြီးကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန်များထုတ်လုပ်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

### (က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးကို အနည်းငယ်သာစိုက်ပျိုး၍ ပဲနှင့်နှမ်းတို့ကိုသာ အဓိကထားစိုက်ပျိုးပါသည်။ ရေကြီးနစ်မြုပ်မှုနှင့် သဘာဝဘေးဒဏ်ကာကွယ်ရန် ခေတ်မီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများ အန္တရာယ်အတွက်လည်း နှိမ်နင်းရေးဝန်ဆောင်မှုများ လိုအပ်နေပါသည်။ စပါးဈေးနှုန်းကျဆင်းမှုကြောင့်တောင်သူများ အရှုံးနှင့် ရင်ဆိုင် ရပါသည်။ စိုက်ပျိုးနိုင်သောမြေနေရာများ ရှိပြီးဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးများ လုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူတို့ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။

### (ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း ပြားရစ်ဆယ်ဖြင့် တစ်ဧက(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀) ဧကအတွက် ပုံစံ(၇)ဖြင့်ချေးယူနိုင်ကြသည်။ တစ်ချို့သောအိမ်ထောင်စုများသည် ရွာထဲမှမိတ်ဆွေ၊ မိသားစုထံမှချေးယူကြပါသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားရှိပါသည်။

### (ဂ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းများ ရရှိပါမည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်းများ) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး

ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ လုပ်နိုင်ရန် အခွင့်အလမ်းများရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု တည်ထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင် တစ်နှစ် ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**(င) လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး စနစ်တကျ ခင်းကျင်းလျက် ရှိပါသည်။ ကျေးရွာသည် မြစ်ကမ်းဘေးတွင်တည်ရှိပြီး ဂန့်ဂေါမြို့သို့သွားသော ကားလမ်းမကြီးနှင့် ဝေးသောကြောင့် ဆက်သွယ်သွားလာရေး ခက်ခဲပါသည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်း ဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီ မံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုး ရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်ဦးစားပေး တန်းစီးခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များ အတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာ မြောက်မှုဘောင်အတွင်းနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုမှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများ ထံမှလည်း နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

## နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်(ရွှေတောင်ကျေးရွာ)

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း | ၁ | ✓ | | | | |
| ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း | ၂ | | ✓ | | | |
| ၃ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၃ | | | ✓ | | |
| ၄ | ရွာတွင်းလမ်းခင်းခြင်း | ၄ | | | | ✓ | |
| ၅ | စက်ရေတွင်တူးဖော်ခြင်း | ၅ | | | | | ✓ |
| ၆ | ပညာရေးဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း | ၆ | | | | | |
| ၇ | မြစ်ရေတင်စီမံကိန်းရရှိရန် | ၇ | | | | ✓ | |
| ၈ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၈ | | ✓ | | | |
| ၉ | စုရပ်ဆောင်ဆောက်လုပ်ခြင်း | ၉ | | | | ✓ | |
| ၁၀ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဆောက် လုပ်ခြင်း | ၁၀ | | | | | ✓ |

## ဦးစားပေးစီမံချက်များ(ရွှေတောင်ကျေးရွာ)

| ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ပညာရေးကဏ္ဍ | ၁။ကျေးရွာပညာရေးကဏ္ဍတိုးတက်ကောင်းမွန်လာစေရန် | ၁၀၀ | ၁ | စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း | |
| | ၂။ကျေးရွာပညာရေးကဏ္ဍတိုးတက်ကောင်းမွန်လာစေရန် | ၆၅ | ၆ | ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း | |
| ကျေးရွာအဆောက်အဦ ကဏ္ဍ | ၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၈၈ | ၃ | ကုန်ထုတ်လမ်းဖောက်လုပ်ရေးစီမံချက် | |
| | ၂။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၇၀ | ၄ | ရွာတွင်းလမ်းခင်းခြင်း | |
| | ၃။ကျေးရွာ ကျေးရွာအဆောက်အဦ ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် | ၄၉ | ၉ | စုရပ်ဆောင်ဆောက်လုပ်ခြင်း | |
| | ၄။ကျေးရွာ ကျေးရွာအဆောက်အဦ ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် | ၄၇ | ၁၀ | ကျေးရွာအုပ်ချုပ်ရေးမှုးရုံးဆောက် လုပ်ခြင်း | |
| | ၅။ကျေးရွာ ကျေးရွာအဆောက်အဦ ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် | ၅၀ | ၈ | စာကြည့်တိုက်ဆောက်လုပ်ရန် | |
| စိုက်ပျိုးရေးကဏ္ဍ | ၁။ကျေးရွာစိုက်ပျိုးရေးကဏ္ဍရှိစေရန် | ၆၀ | ၇ | မြစ်ရေတင်စီမံကိန်းရရှိရေး | |
| ရေရရှိရေးကဏ္ဍ | ၁။ကျေးရွာသန့်ရှင်းသောသောက်သုံးရေရရှိစေရန် | ၆၇ | ၅ | စက်ရေတွင်းတူးဖော်ခြင်း | |
| ကျန်းမာရေးကဏ္ဍ | ၁။ကျေးရွာကျန်းမာရေးကဏ္ဍတိုးတက်ကောင်းမွန်လာစေရန် | ၉၀ | ၂ | ကျန်းမာရေးဆေးခန်းရရှိရေးစီမံချက် | |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ရွှေတောင်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | **ကျေးရွာအဆောက်အဦကဏ္ဍ** | | | | | |
| | ● ကျေးရွာမှလယ်ယာထုတ်ကုန်များသယ်ယူရန်ခက်ခဲခြင်း | ● ကျေးရွာရှိလယ်ယာမြေများသို့ သွားသောကုန်ထုတ်လမ်းမကောင်းခြင်း | ● ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း | ● ကျေးရွာတွင်ဆင်းရဲသောအိမ်ထောင်စုများသောကြောင့်ငွေကြေးမတတ်နိုင်ခြင်း | ● ကျေးလက်ဦးစီးဌာနသို့တင်ပြတောင်းခံသွားရန်ဖြစ်ခြင်း | ● ကုန်ထုတ်လမ်းရရှိရေးစီမံချက် |
| | ● မိုးရာသီသွားလာရေးခက်ခဲခြင်း | ● အုတ်ခင်းလမ်းများအပ်ကွဲပျက်ဆီးနေခြင်း | ● ကျေးရွာမှလုပ်အားဖြင့်ထည့်ဝင်နိုင်ခြင်း | ● ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများသောကြောင့်ငွေကြေးမတတ်နိုင်ခြင်း | ● ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းခြင်း ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | ● ရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း |
| | ● ကျေးရွာတွင်အသိပညာဗဟုသုတများအားနည်းခြင်း | ● ကျေးရွာစာကြည့်တိုက်မရှိခြင်း | ● စာကြည့်တိုက်ရရှိခြင်းဖြင့်အသိပညာဗဟုသုတများကြွယ်ဝလာ၍ ပြဿနာများတည်းပါးလာနိုင်ခြင်း၊ ● ကျေးရွာဘုန်းကြီးကျောင်းတွင်စာအုပ်စာပေများရှိခြင်း | ● မြို့နှင့်အလှမ်းဝေးခြင်း ● အင်တာနက်လိုင်းကောင်းမွန်မှုမရှိခြင်း | ● စာကြည့်တိုက်ဆောက်လုပ်နိုင်ရေး အလှူရှင်များ၊ ရန်ပုံငွေများရှာဖွေခြင်း | ● ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးအစီအစဉ် |

နောက်ဆက်တွဲ(၁)အဆက်

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ရွှေတောင်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | ● ကျေးရွာတွင်လူမှုရေးကိစ္စရပ်များအတွက်ပညာရေးဆောင်၊ သာသနာ့ဆောင်များအသုံးပြုခွင့်မရသောကြောင့်သာရေး၊နာရေးကိစ္စရပ်များညှိနှိုင်းဆောင်ရွက်ရန်နေရာခက်ခဲခြင်း | ● ကျေးရွာတွင်စုရပ်ဆောင်လိုအပ်ခြင်း | ● ရာသီသုံးပါးလုံးတွင်သာရေး၊နာရေးကိစ္စရပ်များလွယ်ကူစွာဆောင်ရွက်နိုင်ခြင်း | ● ကျေးရွာတွင်ဆင်းရဲသောအိမ်ထောင်စုများသောကြောင့်ငွေကြေးမတတ်နိုင်ခြင်း | ● သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ခြင်း | ● စုရပ်ဆောင်ရရှိရေးစီမံချက် |
| | ● ကျေးရွာဆိုင်ရာအချက်အလက်များနှင့်စာရင်းဇယားများထားရှိရန်အခက်အခဲရှိခြင်း | ● ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမရှိခြင်း | ● ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရရှိခြင်းဖြင့်ကျေးရွာဆိုင်ရာအချက်အလက်များနှင့်စာရင်းဇယားများထားရှိရန်အဆင်ပြေလာနိုင်ခြင်း | ● ငွေကြေးမတက်နိုင်ခြင်း | ● သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြတောင်းခံခြင်း | ● ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်း |

နောက်ဆက်တွဲ(၁)အဆက်

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ရွှေတောင်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂။ | ပညာရေးကဏ္ဍ | | | | | |
| | ●ကျောင်းသား/သူများစာသင်ရန်အခက်အခဲရှိခြင်း | ●စာသင်ကျောင်းဆောင်(၁)ဆောင်သာရှိ ခြင်း | ●ကျေးရွာမှထည့်ဝင်ငွေအချို့ရှိခြင်း<br>●အထကကျောင်းရှိခြင်း | ●ပြင်ပအလှူရှင်များ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့်မဆက်သွယ်တက်ခြင်း၊ငွေကြေးမလုံလောက်ခြင်း။ | ●ပညာရေးဌာန၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ●စာသင်ကျောင်းဆောင်ရရှိရေးစီမံချက် |
| | ●ကျောင်းဆရာ/မများ နေထိုင်ရန် ခက်ခဲခြင်း | ●ဝန်ထမ်းအိမ်ယာမရှိခြင်း | ●ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း | ● ကျေးရွာတွင်ဆင်းရဲသောအိမ်ထောင်စုများသောကြောင့်ငွေကြေးမတတ်နိုင်ခြင်း | ●သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ခြင်း | ●ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း |
| ၃။ | ကျန်းမာရေးကဏ္ဍ | | | | | |
| | ●အရေးပေါ်ကျန်းမာရေးအခြေအနေတွင်အချိန်မီဆေးကုသရန်ခက်ခဲခြင်း<br>●ကျန်းမာရေးအသိပညာအားနည်းခြင်း | ●ဆေးရုံဆေးခန်းသို့သွားရန်လမ်းမကောင်းခြင်း<br>●ကျေးရွာတွင်ဆေးပေးခန်းမရှိခြင်း | ●ဆေးပေးခန်းဖွင့်လှစ်ပေးခြင်းဖြင့်ကျေးရွာနေလူထု၏အသေးစားကျန်းမာရေးအတွက်လုံခြုံစိတ်ချရခြင်း | ●ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးမှူးမရှိခြင်း | ●သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ခြင်း | ●ဆေးပေးခန်းကျန်းမာရေးဝန်ထမ်းများရရှိအောင်ဆောင်ရွက်ခြင်း |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ရွှေတောင်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း များ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄။ | စိုက်ပျိုးရေးကဏ္ဍ | | | | | |
| | ● ရေလုံလောက်စွာ မရရှိသဖြင့်စိုက်ပျိုး ရေး လုပ်ငန်းတွင် လွန်စွာ ခက်ခဲခြင်း | ● မြစ်ရေတင်စီမံ ကိန်းမရရှိသေး ခြင်း | ●စိုက်ပျိုးရေအတွက် လုံလောက်စွာရရှိ လာနိုင်ခြင်း | ●ကျေးရွာမှငွေကြေး မတတ်နိုင်ခြင်း | ● သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● မြစ်ရေတင်စီမံကိန်း ရရှိရေး |
| ၅။ | ရေရရှိရေးကဏ္ဍ | | | | | |
| | ●သောက်သုံးရေ မလုံလောက်ခြင်း | ●ရေတွင်းများ ရေခမ်းခြင်း | ●ရေကောင်းရေသန့်ရရှိ နိုင်ခြင်း | ●ကျေးရွာမှ ငွေကြေးမတတ် နိုင်ခြင်း | ●သက်ဆိုင်ရာဦးစီးဌာနများ၊ အထောက်အပံ့ပေးနိုင်မည့် အဖွဲ့အစည်းများနှင့်ချိတ် ဆက်ခြင်း | ●စက်ရေတွင်းရရှိရေး စီမံချက် |

နောက်ဆက်တွဲ(၂)အဆက်

ရွှေတောင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | အလုပ်အကိုင် | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမောင်ဝင်း | ဦးဘသော် | ၈/ဂဂန(နိုင်) ၀၉၅၁၄၂ | ၆တန်း | တောင်သူ | ဥက္ကဋ္ဌ | 09–260297063 |
| ၂ | ဦးမြင့်စိုး | ဦးဖေသိန်း | ၈/ဂဂန(နိုင်) ၀၄၁၄၈၁ | B.A(Geog) | တောင်သူ | ဘဏ္ဍာရေးမှူး | – |
| ၃ | ဦးသိန်းအောင် | ဦးဘိုတို | ၈/ဂဂန(နိုင်) ၀၆၂၂၆၅ | ၅တန်း | တောင်သူ | သော့ကိုင်–၁ | – |
| ၄ | ဦးပြုံးချို | ဦးမြို့ထွန်း | ၈/ဂဂန(နိုင်) ၀၆၂၂၇၂ | ၄တန်း | တောင်သူ | သော့ကိုင်–၂ | – |
| ၅ | ဦးညိုဝင်း | ဦးဘအောင် | ၈/ဂဂန(နိုင်) ၀၉၅၁၀၀ | ၅တန်း | တောင်သူ | အဖွဲ့ဝင် | 09–406358232 |
| ၆ | ဦးဝင်းဖေ | ဦးစိန်မော် | ၈/ဂဂန(နိုင်) ၀၁၀၂၃၃ | B.A(His) | တောင်သူ | အဖွဲ့ဝင် | 09–420913715 |
| ၇ | ဦးဖေမြင့် | ဦးရဲအောင် | ၈/ဂဂန(နိုင်) ၀၆၂၂၇၃ | ၄တန်း | တောင်သူ | အဖွဲ့ဝင် | – |
| ၈ | ဦးသန်းဇော်ထွန်း | ဦးမောင်လှ | ၈/ဂဂန(နိုင်)၀၉၅၄၆၃ | ၈တန်း | တောင်သူ | အဖွဲ့ဝင် | – |
| ၉ | ဦးရွှေလှိုင် | ဦးဘချမ်း | ၈/ဂဂန(နိုင်)၀၃၅၄၂၈ | B.A(Geog) | တောင်သူ | အဖွဲ့ဝင် | – |
| ၁၀ | ဦးမြင့်အောင် | ဦးဘိုတို | ၈/ဂဂန(နိုင်)၀၉၇၂၆၅ | ၁၀တန်းအောင် | တောင်သူ | အဖွဲ့ဝင် | 09–444164741 |
| ၁၁ | ဦးသန်းရွှေ | ဦးညိုလှ | ၈/ဂဂန(နိုင်)၀၂၉၈၉၀ | ၄တန်း | တောင်သူ | အဖွဲ့ဝင် | – |
| ၁၂ | ဦးခင်မောင်ဦး | ဦးဘိုချစ် | ၈/ဂဂန(နိုင်)၀၅၃၂၆၅ | B.A(Geog) | တောင်သူ | အတွင်းရေးမှူး | – |
| ၁၃ | ဦးအောင်ငြိမ်းဦး | ဦးခင်မောင်ကြည် | ၈/ဂဂန(နိုင်)၂၈၈၀၈၇ | ၉တန်း | တောင်သူ | အဖွဲ့ဝင် | – |
| ၁၄ | ဦးကြည်လှိုင် | ဦးဘချမ်း | ၈/ဂဂန(နိုင်)၀၃၉၈၅၁ | ၈တန်း | တောင်သူ | အဖွဲ့ဝင် | – |
| ၁၅ | ဦးတင်ဝင်း | ဦးငမုန်း | ၈/ဂဂန(နိုင်)၁၃၉၈၇၆ | ၄တန်း | တောင်သူ | အဖွဲ့ဝင် | – |

# အပိုင်း(ခ)

## ကျေးရွာဆိုင်ရာအချက်အလတ်များ

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ

**ကျေးရွာ** – ရွှေတောင်
**ကျေးရွာအုပ်စု** – တောင်ယာပြင်
**မြို့နယ်** – ဂန့်ဂေါမြို့
**တိုင်းဒေသကြီး / ပြည်နယ်** – မကွေးတိုင်းဒေသကြီး

**စီမံချက်အမည်** – စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း(၈၀' ×၂၄' ×၁၂')

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိ စာသင်ကျောင်းမှာ အလယ်တန်းကျောင်းရှိပြီး ကျောင်းဆောင်တစ်ခုသာရှိပါသည်။
- ကျောင်းဆောင်တစ်ခုမှာ ကြာမြင်နေပြီး ကျောင်းသားအင်အာနှင့် လုံလောက်မှုမရှိပါ။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- စာသင်ကျောင်းဆောက်လုပ်ပြီးချိန်တွင် ကျောင်းသားများ စာသင်ရန်ကျောင်းဆောင်အဆင်ပြေလာနိုင်စေရန်၊
- ကျောင်းသားများ မိုးလုံလေလုံဖြင့် စိတ်ချ လက်ချ ပညာသင်ကြားစေရန်၊

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- စာသင်ကျောင်းဆောက်လုပ်ပြီးချိန်တွင်ကျောင်းသားများ စာသင်ရန်ကျောင်းဆောင်အဆင်ပြေလာနိုင်မည်ဖြစ်ပါသည်။
- ကျောင်းသားများ မိုးလုံလေလုံဖြင့် စိတ်ချ လက်ချ ပညာသင်ကြားလာနိုင်မည်ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ရွှေတောင်ကျေးရွာ စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း(၈၀' ×၂၄' ×၁၂')

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| ၇၅၀၀၀၀၀(ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၄၆ | ၂၃၂ | ၄၇၈ | ၁၀ | ၄၀ | ၄၄ | ၉ | ၁၀၃ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၄၆ | ၂၃၂ | ၄၇၈ | ၁၀ | ၄၀ | ၄၄ | ၉ | ၁၀၃ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ရွှေတောင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၂၀ ခုနှစ်၊ ဧပြီလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၂၁ ခုနှစ်၊ မေလ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ရွှေတောင်ကျေးရွာစာသင်ကျောင်းဆောင်ဆောက်လုပ်ရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။<br>• လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• စာသင်ကျောင်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/ရွာသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၂ | ၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၄ | ၁၀ | ၃၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၅ | ၂၃ | ၄၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၁၃ | ၃၁ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၁ | ၁၆၇ | ၃၂၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၁၇ | ၃၅ | | |
| စုစုပေါင်း | | ၂၄၆ | ၂၃၂ | ၄၇၈ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၀၃ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျား၊မ အချိုးမှာ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများပါသည်။ မြန်မာနိုင်ငံပျှမ်းမျှလူဦးရေအောက်လျော့နည်းပါသည်။ သက်ကြီးရွယ်အိုများရှိသောကြောင့်သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့များဖွဲ့စည်းရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလုပ်လုပ်နိုင်သည့် လူဦးရေ အသင့်အတင့်ရှိပြီး ကျန်ဦးရေနည်းနေသည်ကိုတွေ့ရှိရပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကို အချိန်ယူပြီး တိုးတက်မှု ရှိလာနိုင်ရန် လုဆောင်နိုင်မည်ဟု သုံးသပ်မိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၂ | ၂၅၀ | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၂၀ | | | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | ၂၆၉ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
